
ရွှေအောင်စာပေ ၂

# တို့တွေရဲ့မှနက်ဖြန်

## တက္ကသိုလ် အေးမြစန္ဒာ

ဒုတိယအကြိမ်



# အခန်း (၁)

ညတစ်ည

အိပ်ဖှက်ညပါ...။

ကြာတောင့်ကြာပေ့ါ...။

လဝါမှုန်ဖှ မသ့ာတသာ။

ညမွှေးပန်းလေး မမွှေးတမွှေး။

နှင်းကျာမြအေး မနွေးတနွေး။

ကြင်သူဝေးလို့၊ မေ့းစက်မလွယ်။

လွမ်းမဖှယ်တဲ့ ထိုတစ်ည...။

ကိုလတ်ရဲ့မေတ္တာငွေ့ကရော နွေးမှနွေးသေးရဲ့လားကွယ်။

ဘာမှမကွဲပြားတော့ဘူး။ နှ ယ်ရဲ့ေ ဝဝါးနေတဲ့ အသိတွေကပဲ ပြတ်သားစွာ မဆုံးဖြတ် နို င်တော့အောင် နိုးကြွမှုမရှိတော့လို့လားမသိဘူးကွယ်။

ဟိုစဉ်ကတော့...

လမင်းသာလို့ ကြည်နူးရတယ်...။

တောင်လေရှူးရဲ့အထိအတွေ့နဲ့ ပျော်ရွှင်ရတယ်။

ရေတမာပင်တန်းလေးတွေ ရယ်မောအတင်းဆိုတာကို လှောင်ခဲ့တယ်
။

အသားမဲမဲ ရုပ်ဆိုး ငှက်ကလေးတွေ အော်သံကို လွမ်းစရာထင်ခဲ့တယ်
။

ရိုးတံကျဲကျဲ ကိုင်းရှင်းရှင်းလေးတွေ တွေ့တော့ အားငယ်သလိုလို အရာရာကို ခံစား သိနားလည်ခဲ့ပါတယ် ကိုလတ်ရယ်...။

'လပြည့်ဝန်းကြီးကို မြင်မိရင်လေ၊ လသာသာအောက်မှာ တို့နှစ်သူနှစ်ယောက် တွတ်တီးတွတ်တာစကားတွေ ပြော ဟလို့ ပျော်ချင်ပါရဲ့ကွယ်...' တဲ့ ။

ကိုလတ်လိုပဲ ရှိခဲ့ပါတယ်နော်...။

ဘဝအခြေအနေ မပေးသေးလို့ ခဏအနေဝေးခဲ့ရတာကိုပဲ ရင်နာလို့မဆုံးခဲ့ပါဘူး။ စုတ်ချက်ညီညီ ဆေးပီပြင်တဲ့ အနာဂတ်ပန်းချီကားလှကို မှန်းဆမျှော်လင့်ရင်းနဲ့ ဝေးဝေးနီးနီး ရင်ခုန်ခဲ့ရတယ်။

တို့နှစ်ဦးအတွက် မနက်ဖြန်တွေကို ရေတွက် စောင့်စားခဲ့ရတယ်။

လှပတဲ့ မနက်ဖြန်တွေ ဖြစ်လာဖို့အတွက် လွမ်းဆွေးရတဲ့ ဒီကနေ့တွေကို ရင်းနှီးမြှုပ်နှံခဲ့ ရတယ်...။

ကြည်နူးစရာ အတိတ်လေးတွေကိုလဲ ပြန်လည်တမ်းတ လွမ်းဆွတ်ခဲ့မိတယ်။

ဟိုးအဝေးကာလဆီက မှုန်ပြပြရှိနေသေးတဲ့ ရက်ပေါင်းများစွာကို သတိရမိပြန်တော့...

နှင်းဆမ်းတဲ့ လမ်းမလယ်မှာ နှစ်ယောက်သား ရယ်မောပြောဆိုရင်း

လျှောက်လှမ်းခဲ့ပုံ တွေ…။

ရှာတော့မလို မာန်ဖွိုးနေတဲ့ မိုးမှောင်အောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ငေးရင်း အဓိပ္ပာယ်ပေါင်းများစွာ ရှာခဲ့ပုံတွေ…။

ရောင်စုံပန်းတွေ ဝေတဲ့ နွေအပူရင်ခွင်မှာ ခွဲခွာရတော့မယ့် အခြေတွေးလို့ လွမ်းဆွတ်မှု ကလေးကို ရင်မှာ သိမ်းဝှက်ထားခဲ့ရပုံလေးတွေ…။

ကျောင်းတော်ဘာသော လမ်းကလေးကို ငေးမျှော်ရင်း တရေးရေး ပြန်လည်မြင်ယောင်မိတယ် ကိုလတ်ရယ်…။

ကျောင်းတော်ကမြေနဲ့ မဝေးသရွေ့ မေ့နိုင်စွမ်းရှိမှာ မဟုတ်ပါဘူး။ အတိတ်ကိုလဲ မမှုန်ဝါး မပျောက်ကွယ်စေချင်သလို အနာဂတ်ကာလတွေကိုလည်း လှပခိုင်ခန့်စေချင်ပါတယ်။

ကိုလတ်ရယ်…ခုတော့…

ဒိုင်ယာရီ၏ ရေးလက်စ အဆုံးစာမျက်နှာမှ အပြီးမသတ်ထားသော စာသားလေးများကို ပြန်လည်ဖတ်ရင်း တွေဝေငေးမောနေမိသည်။

နွယ့် န လုံးသွေး ဘောင်ဘတ်ခတ်ဆဲကာလ ဖြစ်နေသောကြောင့် အသိသညာဟူသမျှ သည် ဦးနှောက်အမှေးပါးအောက်မှာ လွန့်လူးလှုပ်ရှားနေ၏။

ဟောင်းနွမ်းနေသော စာမျက်နှာများ…

တွန့်ကြေနေသော စာမျက်နှာများ…မှသည်…

မှင်စက်မကျရသေးသော ဖြူလွလွစာမျက်နှာများတိုင်အောင် ဘဝခရီးဆုံးထိ လှန် လှောတွေးဆကြည့်မိသည်။

အနာဂတ်သည် မှန်းဆရခက်ပါ၏။ ရင်မောလာတော့သည်။

ပုစ္ဆာတိုင်း အဖြေရှာရစမြဲ။

ဖြစ်များ ဖြစ်နိုင်ပါလျှင် ကိုလတ်ရှိရာသို့ အပြေးလှမ်း၍ မေးစမ်းလိုက်ချ င်သည်။

တကယ်တော့ နွ ယ်သည် အတွယ်အတာမဲ့ လွတ်လပ်သော ငှက်င ယ်လိုမဟု တ်။ နွ ယ့် အဝိုင်းအဝိုင်းက သွားခွင့်ပေးမည် မဟု တ်။ ထို့ပြင် မိန်းမဟူသည့် ဣန္ဒြေသံနှိုတ်က ဆွဲချုထား သည်။

စိတ်ညစ်နွမ်းမိသည်မှလွဲ၍ ဘာများ တတ်နိုင်ဦးမှာလဲ။

အတိတ်တစ္ဆေများကလည်း ခြောက်လှန့်နေတော့သည်။

*

မျက်လုံးလေးများသည် လိမ်ညာ၍ မရ။

အဓိပ္ပာယ်ပေါင်း များစွာ၊ စကားပေါင်းများစွာကို ပြောပြတတ်ပါသည်။

ဒိုင်ယာရီ၏ ပထမဆုံး စာမျက်နှာမှသည်…

*

## တက္ကသိုလ်၏ ပထမနေ့စ် ကဏ္ဍ

လက်တွေ့ခန်းကျယ်ကြီးထဲတွင် ကျောင်းသား ကျောင်းသူများ ရုတ်ရုတ်သဲသဲဖြင့် နေရာယူနေကြသည်။

ခန်းမကြီးရှေ့ဆုံး စင်မြင့်ပေါ်မှ ဆရာမ ဆင်းသွားသောအခါ သရုပ်ပြဆရာမလေးများ က မိမိတာဝန်ကျရာ စားပွဲဆီသို့ ရောက်လာကြသည်။ လက်ထဲမှ ပစ္စည်းကိရိယာများကိုချပြီး အဏုကြည့်မှန်ပြောင်းကို အလင်းညှိန်ဆနေကြသည်။

နွယ်သည် ချွန်မြသော ခဲတံလေးကို ကိုင်ရင်း ဟိုသည် ငေးနေမိ၏။ တတွဲတွဲနေခဲ့သော သက်သက်နှင့် ခုံနံပါတ်ဝေးသဖြင့် လက်တွေ့ခန်းတွင် တစ်စားပွဲတည်း မကျသည့် အတွက် အားငယ်နေမိသည်။ ပုံဆွဲစက္ကူဖြူဖြူလေးကို အသာအယာဖြန့်ပြီး ခုံနံပါတ်ရေးထိုးရင်း အားတင်းရသည်။

ဆရာမသည် ဆလိုက်ဖန်ပြားလေးများကို အဏုကြည့်မှန်ပြောင်းအောက်တွင် ချိန်ဆ၍ ကြည့်နေသည်။ ရှင်းပြရမည့် အချက်အလက်များကိုလည်း အကြမ်းရေးခြစ်မှတ်သား၏။ အတန်ကြာသည်ထိ တိတ်ဆိတ်ငြိမ်သက်နေ၏။ ယနေ့မှစ၍ လက်တွေ့လုပ်ကြရသောကြောင့် တစ်ဦးနှင့်တစ်ဦး ခင်မင်မှုမရကြသေး။ မိတ်ဆွေမဖြစ်ကြသေး။ စကားစလေးများလည်း မစပ်မိ မဟပ်မိကြသေးချေ။

နွယ်သည် ဖွင်းရိညည်းငွေ့စွာဖြင့် စောင့်စားနေရသည်။

'နွယ်...ဒီစားပွဲမှာပဲကျလားဟင်...'

ရုတ်တရက် ဖြစ်သောကြောင့် အံ့သြသွားသည်။

'ဪ...ကိုလတ်...'

သူကပြုံးလျက် နွယ်ဘေးတွင်လာရပ်သည်။ နဖူးပြင်တွင် ဝဲကျနေသော ဆံနွယ်ခွေ လေးများကို လက်ဖြင့်အသာသိမ်းသပ်တင်ရင်း ကြည့်နေသည်။ ကြည်လင်တောက်ပသော မျက်ဝန်းအစုံကို အမြန်ဆုံးလွဲဖယ်ပစ်ရသည်။

'သက်သက်ရော ဘယ်စားပွဲမှာလဲ နွယ်'

'စားပွဲအမှတ်ကိုးမှာပါ'

စကားစ ပျောက်သွားပြန်သည်။ နှုတ်ဆိတ်သွားကြမိသည်။

တစိမ်းတွေကြားမှာ မျက်နှာသိတစ်ယောက် လာရောက်တွေ့ဆုံရသဖြင့် ဝမ်းသာရသေးသည်။ အနည်းငယ်အားရှိလာသည်။ ခုံနံပါတ်ချင်း မဝေးလှသောကြောင့် အားကိုးအား ထားရမည်ဟု မျှော်လင့်ရသည်။

လက်တွေ့သင်တန်းပြီးဆုံးသည်အထိ စကားတစ်ခွန်းတစ်လေသာ ပြောဖြစ်ခဲ့ကြသည်။

အစ်ကိုလေး၏ အပ်နှံမှုကြောင့် ထင်၏။ ကိုလတ်သည် နွယ်နှင့် သက်သက်ကို တတ် နိုင်သမျှ ကူညီရှာပါ၏။ နွယ်နှင့် သက်သက်တို့အတွက် ကိုလတ်နှင့် သူ့သူငယ်ချင်း ကိုလေးအောင်တို့သည် အပေါင်းအသင်းကောင်းများအဖြစ် အဖွဲ့ကျလာခဲ့သည်။

ခင်မင်မိကြသည့် ကာလများတွင် ပုံဆွဲကောင်းသော ကိုလတ်နှင့် ကိုလေးအောင်တို့က နွယ်နှင့် သက်သက်တို့ကို ကူညီဆွဲပေးဖော်ရလာသည်။

ပါလာသော ထမင်းပူးလေးများကို ဖွင့်၍ လက်ဆုံစားဖူးလာခဲ့၏။

အတန်းမတက်နိုင်ခဲ့သည့်အခါများတွင် သင်ခန်းစာများကို ပြန်လည်ရှင်းပြတတ်ပါသည်။

အတန်းဖော် သူငယ်ချင်းများအဖြစ် ဘဝအဝန်းအဝိုင်းထဲသို့ ဝင်လာခဲ့ကြသည်။

အဖော်ဟူသည် ပေါင်းဆုံခြင်း၏ ရလဒ်ဖြစ်သောကြောင့် ဝမ်းသာပျော်ရွှင်မှုဖြင့် စတင် ခဲ့ကြစမြဲပါ။

*

ဆောင်းနှင်းထုကြောင့် မိုးအလင်းနောက်ကျသလို ရှိသည်။

နှင်းမှုန်ဖွေးသော သထုံလမ်းအဝသို့ ခြေချမိသည့်အခါ အားငယ်စိတ်က ပိုလာသည်။ သက်သက် ကျောင်းမတက်၍ တစ်ယောက်တည်း လာသာလာရသည် မဝံ့မရဲ။ (၁၆) လိုင်းကားမှဆင်း၍ လျှောက်နေကျလမ်းမို့သာ အားတင်းခဲ့ရသည်။

သထုံဆောင်မှ ကျောင်းသားများ၏ နောက်ပြောင်မှုကို တစ်ယောက်တည်း ကြိတ်မှိတ် ခံရဦးမည်။ ကိုယ်လိုသူလို သွားနေကြသော ကျောင်းသားကျောင်းသူများကို အဖော်ပြု၍ သွားရတော့မည်။

အားကစားရုံဘက် ရောက်သောအခါ အမှတ်မထင်လှည့်ကြည့်မိသည်။ ကျောင်းသား တစ်ယောက်စ၊ နှစ်ယောက်စ ထွက်လာသည်ကို မြင်လိုက်ရသည်။

'အို…ကိုလတ်'

စိတ်ထဲမှ ယောင်ရမ်းခေါ်မိသည်။ စာအုပ်လေးကို လွယ်အိတ်ထဲ ထိုး

ထည့်ရင်း ထွက်လာသော ကိုလတ်သည် နွယ့်အကြည့်နှင့် လှမ်းဆုံသည်။ နွယ့်ဆီသို့ ဦးတည်၍ လျှင်မြန်စွာ လျှောက်လာနေသည်။ နွယ်ရပ်စောင့်နေလိုက်ရသည်။

'ကျွန်တော်က နွ ယ့်ကိုမြင်လို့ ထွက်လာတာ။ ဒီနေ့ သက်သက် မတက်ဘူးလား'

နွယ်သည် ဂုတ်ဝဲဆံပင်လေးကို ခါရင်းဖြေသည်။

'သက်သက် ဖျားနေတယ် ကိုလတ်၊ ဒီနေ့ နွယ်တစ်ယောက်တည်းရယ်'

တည်ငြိမ်သော အပြုံးလေးဖြင့် နွယ့်ကိုကြည့်သည်။ ကရုဏာရိပ်လေးတွေ့လိုက်ရသည်။

'အားမငယ်ပါနဲ့ နွယ်၊ ကျွန်တော်တို့ ရှိသားပဲ။ ကျွန်တော်လည်း ဒီနေ့ ကိုလေးအောင် တို့အဆောင် ဝင်ချင်တာနဲ့ စောထွက်ခဲ့တာ။ ဒီလူက ဒီထဲရောက်နေတာနဲ့ လိုက်လာရတယ်ဗျာ။ သူ့ရေချိုးဦးမယ်ထင်ပါရဲ့ အတော်ပဲ နွယ် အဖော်ရတာပေါ့နော်'

အများဆုံးသော စကားစုကို ပထမဆုံးအကြိမ် ကြားရသည်။ ယခင်က ကိုလေးအောင်နှင့် သက်သက်တို့ကြားတွင် နွ ယ်နှင့် ကိုလတ်က အရိပ်သာသာ။

'အမယ်...ကိုလတ်ကိုပဲ ကျေးဇူးတင်ရဦးမလို ဖြစ်နေပြီ'

နှစ်ယောက်သား ရယ်မိကြသည် ပထမဦးဆုံး အကြိမ်အဖြစ် နှစ်ဦးတည်း ရင်းနှီးစွာ ပြောခဲ့ကြသည်။

'နွယ် ဟိုနေ့က မက်သ်စ်တွေ နားမလည်လို့ဆို၊ သက်သက် ကိုလေးအောင်ကို ပြော နေသံကြားတယ်'

ကိုလတ်က သတိတရရှိသည်၊ ဂရုတစိုက်လည်းရှိသည့်အတွက် အား ကိုးမိသည်။

'ဟု တ်တယ် ကိုလတ် နွယ်အဖြေက စတွက်ကြည့်တာတောင် လည်ေ နလို့ ကိုလတ် နားလည်ရင် ရှင်းပြပါလား'

'ကျောင်းကျရင် အချိန်ရသားပဲ ရှင်းပြမယ်လေ။ ကျွန်တော် ညကလေး တင် ပြန်ကြည့် ထားတာ'

ကိုလတ်သည် လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ဆွဲထုတ်ပြီး လှန်လှောနေသည်။ ထို့နောက် နွယ့်ဆီ ကမ်းရင်းပြသည်။

'ဒီမှာလေ နွ ယ်၊ ဟိုနေ့က ပရက်တီကယ်မှာ ဆရာမလုပ်ခိုင်းတဲ့ ပန်းပွင့်တီအက်(စ်) [ကန့်လန့်ဖြတ်] နဲ့ အယ်(လ်)အက်(စ်) [အလျားလိုက်ဖြ ဖတ်] ပုံတွေ။ ကျွန်တော်တို့ဌာန စာကြည့်တိုက်က စာအုပ်တစ်အုပ်မှာတွေ့ လို့ ကူးဆွဲလာတာ၊ နွယ်လေ့လာချင် လေ့လာပေ့ါ'

သူ့ကို စိတ်ထဲမှာ ကြိတ်၍ ချီးကျူးလိုက်မိ၏။ ကြိုးစား၍ နိုး ကြားသော ကျောင်းသား တစ်ဦးအဖြစ် အသိအမှတ်ပြုထားလိုက်သည်။

'ကိုလတ်က သိပ်တော်တာပဲ၊ နွယ်တို့တောင် ဒီလောက်မကြိုးစားမိဘူး'

ကိုလတ်က ပြုံးသည်။ နွယ့်စကားကို သဘောကျ၍ ပြုံးသော အပြုံးမျိုး။

'နွယ်ပဲ ချီးကျူးသေးတယ်။ ကျွန်တော် တကယ်မတော်ပါဘူးဗျာ'

ရှက်ကိုးရှက်ကန်းဖြင့် မျက်နှာလွှဲသွားသည်။

'နွယ် မမြှောက်တတ်ပါဘူး။ ကိုလတ် တကယ်တော်လို့ ချီးကျူးတာပါ'

သူကရယ်သည်။ နဖူးပေါ်သို့ ဝဲကျလာသော ဆံနွယ်ခွေလေးများကို ခေါ င်းမော့၍ ပင့်တင်လိုက်သည်။

'ကျွန်တော်က နွယ့်ကိုပြန်ပြီး ကျောဖူးတင်ရဦးမှာပေ့ါ'

နှစ်ယောက်သား ရယ်မိကြပြန်သည်။

နှင်းမှုန်ဆမ်းသော လမ်းကလေးတစ်လျှောက် ရယ်ရင်းမောရင်းဖြင့် ခင်မင်မှုနယ်ချဲ့ခဲ့ ကြသည်။ သက်သက်သာ ဧ ဂျာင်းတက်လာခဲ့လျှင် တစ်ဦးနှင့်တစ်ဦး ဤမျှ ရင်းနှီးသောအခြေသို့ ရောက်လိမ့်ဦးမည်မဟု တ်ခဲ့။

ဘဝလမ်းသည် နှင်းဆမ်းသောလမ်းလို အေးမြဆဲကာလ။

*

'ကိုလတ် နေမကောင်းဘူးလား၊ မျက်နှာ မကြည်မလင်နဲ့'

သက်သက်သည် ကိုလတ်မျက်နှာကို စူးစိုက်ကြည့်ရင်းမေးသည်။ ကိုလတ်က အံ့အား တသင့် ပြန်ကြည့်သည်။

'ကောင်းပါတယ် သက်သက် ဘာဖြစ်လို့လဲ'

အနည်းငယ်ညှိုးငယ်နေသော မျက်နှာကို ပြောင်းလဲပြင်ဆင်ရင်း ဆိုသည်။

'ကိုလတ်ကို အတန်းထဲက စတွက်ကတည်းက သက်သက် သတိထားမိပါတယ်။ မျက်နှာညှိုးလို့ စကားလည်း သိပ်မပြောဘူး'

ကိုလေးအောင်က သက်သက်ကို လှမ်းကြည့်၍ ပြုံးစစလုပ်နေသည်။

'သက်သက်က ကိုလတ်ကိုပဲ အရိပ်ကြည့်နေတာကိုးကွ။ တို့တောင် သတိမထားမိဘူး'

သက်သက်က လက်ထဲရှိ ဂေါ်ပေတံဖြင့် ကိုလေးအောင်ကို ပေါက်သည်။ ကိုလေး အောင်က တဟဲဟဲရယ်နေသည်။ သက်သက်က မျက်စောင်း တစ်ချက်ထိုးလိုက်သည်။

'ကဲ...ထမင်းစားကြရအောင်နော်'

နွယ်ကစ၍ ထမင်းပူးဖွင့်သည်။ ကိုလတ် မျက်နှာတစ်ချက်ပျက်သွားသ ည်ကို သက်သက် တွေ့မိပြန်သည်။ နွယ်ကတော့ အမှတ်တမဲ့။

'ကိုလတ် ထမင်းပူး မပါဘူးလား'

ကိုလတ်က ခေါင်းကိုဖြည်းညှင်းစွာ ခါပြသည်။

'အဖွား နေမကောင်းလို့ သက်သက်။ ဒီနေ့တောင် ကျောင်းပြေးမလို့၊ ပ ရယ်တီကယ် ရှိလို့လာတာ၊ စိတ်က အိမ်ရောက်နေတယ်ဗျာ'

ကိုလတ်၏ ညှိုးငယ်နေသော မျက်ဝန်းများကို တွေ့နေရသည်။ နွယ်သ ည် ဖွင့်လက်စ ထမင်းပူးကိုချရင်း ကိုလတ်ကို ငေးကြည့်နေသည်။

'တော်တော် နေမကောင်းဘူးလား။ ဖျားတာလား ကိုလတ်'

'ဟု တ်တယ်နွယ်၊ အသက်ကကြီးတော့ အားလည်း နည်းသွားတာပေ့ါ ။ ကျွန်တော်တို့ လည်း ဒီအဘွားပဲ အားကိုးရှိတာ'

'ကိုလတ်တို့ မိဘတွေရော ဟင်'

ကိုလတ် မျက်နှာပို၍ ညှိုးသွားသည်။ နှုတ်ခမ်းလေးကိုက်ရင်း ပြန်အား တင်းသည်။

'ကျွန်တော့်မှာ မိဘတွေမရှိတော့ဘူး၊ ဦးလေးက ထောက်ပံ့ထားတာ။ မောင်နှမတွေက လည်း များတယ်လေ။ ကျွန်တော်အကြီးဆုံးပဲ'

'ကိုလတ် ထောက်ပံ့ကြေးလျှောက်ထားတယ် မဟု တ်လား'

'လျှောက်တော့ လျှောက်ထားတာပဲ သက်သက်ရာ၊ မရရင်တော့ ကျွန်တော် ညဘက် အလုပ်တစ်ခုလုပ်ရမယ်။ ကျွန်တော်က တက္ကသိုလ်မ တက်ချင်ဘူး။ အဖွားက တက်စေချင်လို့ပါ။ ဦးလေးကလည်း အရမ်းအားေ

ပးတယ်လေ’

နွယ်သည် ကိုလတ်စကားများကြောင့် တွေဝေငေးငိုက်နေ၏။ ကိုလတ်၏ အခက်အခဲ များကို ဝိုင်းဝန်းကူညီချင်သော ဆန္ဒပါ ပေါ်ပေါက်လာ၏။ သို့ပေမယ့် မဖြစ်နိုင်။

‘မင်း ဦးလေးကရော သားသမီးမရှိဘူးလား ကိုလတ်’

‘မရှိလို့ တော်သေးတာပေါ့ဗျာ။ ဒါပေမယ့် သူလည်း ရေရှည်ဘယ်ထောက်ပံ့နိုင်မလဲ’

ကိုလေးအောင်က သက်ပြင်းချသည်။

သက်သက်သည် ထမင်းပူးကိုဖွင့်၍ ထမင်းပူးအဖုံးထဲသို့ ထမင်းတချို့ခွဲထည့်သည်။ ဟင်းဖတ်များကိုလည်း ဝေငှထည့်ပေးသည်။ နွယ်က ထမင်းပူးထဲမှ ခေါက်ဆွဲကြော်များ ခပ် ထည့်ပေးသည်။ ကိုလေးအောင် ထမင်းပူးထဲမှ ထမင်းများလည်း ခပ်ထည့်သည်။

‘သက်သက်တို့ မျှစားကြတာပေါ့’

‘နေပါစေ သက်သက်၊ ကျွန်တော်မဆာပါဘူး’

သက်သက်က ကိုလတ်ကို ဆက်ခနဲမော့ကြည့်သည်။ ကိုလတ်က မျက်လုံးများကို လွဲ ဖယ်ရှောင်ပစ်သည်။

‘သက်သက်တို့က လေးနှစ်လုံးလုံးပေါင်းရမယ့် သူငယ်ချင်းတွေပါ ကိုလတ်ရယ်။ တစ်ယောက်နဲ့ တစ်ယောက် အားနာနေရမယ့်လူတွေ မဟုတ်ဘူး။ တစ်ယောက်ရှိတာ တစ်ယောက်မျှစားကြရမယ်။ တစ်ယောက်အခက်အခဲ တစ်ယောက်ကူညီရမယ်။ သူငယ်ချင်းတွေ အချင်းချင်းစောင့်ရှောက်ရမယ်။ ကဲ...စားလိုက်ကြဦးစို့၊ ကိုလတ် စားနော်’

ကိုလတ်က အားတုံ့အားနာ အမူအယာဖြင့် သက်သက်ချပေးသော ထမင်းပွဲကို ယူသည်။

နွယ်သည် ဖွန်းကို ကိုလတ်ထမင်းပွဲထဲ ထည့်ပေးလိုက်သည်။ ကိုလတ်က နွယ်ကို မော့ကြည့်သည်။

'ရပါတယ်၊ ကျွန်တော် လက်နဲ့ စားပါ့မယ်။ နွ ယ် ဖွန်းနဲ့စားပါ။ ခရင်းချည်း တစ်ခုထဲနဲ့ ဘယ်ဖြစ်မလဲ'

'အို…ရပါတယ် ကိုလတ်ယူပါ။ နွယ် ခရင်းနဲ့ စားတတ်တယ်။ အိမ်မှာတူနဲ့တောင် စားနေကျပါ။ ပြီးတော့ နွယ်မှာက ခေါက်ဆွဲချည်းကြော်လာတာ၊ လိုရင် ထပ်ယူဦး အများကြီးပဲ'

အားလုံး ထမင်းငုံ့စားနေကြသည်အထိ နွယ် မစားနိုင်သေး။ ကိုလတ်၏ ပြဿနာခေါင်းထဲတွင်ပေါ်နေ၏။

'ကိုလတ်တို့က မောင်နမ ဘယ်နှစ်ယောက်တောင်လဲဟင်'

ကိုလတ်သည် နွယ်ကို အံ့သြသော အမူအရာဖြင့် စူးစိုက်ကြည့်သည်။

'ခုနစ်ယောက်ပါ နွယ်၊ ဘာဖြစ်လို့လဲ'

'ဩော်…မျှော်စရာကြီးပေ့ါနော်၊ နွယ်တော့ တစ်ယောက်တည်း။ ကိုလတ်တို့လို အများ ကြီးရှိရင်ကောင်းမှာ'

'အများကြီးရှိရင် မျှစားရတယ် နွယ်၊ တစ်ယောက်တည်းရှိတော့ တစ်ယောက်တည်း တစ်ဝစားရတာပေ့ါဗျာ'

ကိုလေးအောင်က ဝင်၍ နောက်ပြောင်သည်။ ကိုလတ်က ခေါင်းတဆတ်ဆတ်ညိတ်ရင် ရယ်မောထောက်ခံသည်။

နွယ်ကတော့မရယ်နိုင်။

တစ်ယောက်ထဲ အတွေးဆန့်နေ၏။

ခေါက်ဆွဲမှုန့်များကို ခရင်းဖြင့်ဖြတ်ပြီး လုံးထွေး၍ ပါးစပ်ထဲသို့ သွင်းသည်။ အသားဖတ် လေးများက ရောထွေးပါသွားသည်။

နွယ်စိတ်က အမေ့ဆီသို့ ရောက်သွားသည်။ ယနေ့မနက် အမေ့ကို မမြင်လိုက်ရ။ ညက အိမ်ယာဝင်အနည်းငယ် နောက်ကျ၍ မနက်က အိပ်ယာ ထနောက်ကျခဲ့ရသည်။

ခေါက်ဆွဲကြော်ကို ထမင်းပူးတွင် အဆင်သင့်ထည့်လျက်၊ ဖျော်ပြီးသား လက်ဖက်ရည် နှင့် ပေါင်မုန့်ကြော်ကို အုပ်လျက်၊ ခေါင်းအုံးဘေးတွင် သော့ ကလေးတင်လျက် တွေ့ရသဖြင့် အဖေနှင့် အမေတို့ ဆိုင်သွားကြမှန်းသိလိုက်ရသည်။

ကမ္ဘာကယာ ရေမိုးချိုး ဖီးလိမ်းပြီး အဆင်သင့်ရှိနေသော မုန့်နှင့် လက်ဖက်ရည်ကို သောက်၊ ထမင်းပူးကိုယူ၊ လွယ်အိတ်ကိုဆွဲ၊ အိမ်ကိုသော့ခတ်၍ ထွက်လာခဲ့သည်။

ညနေရောက်လျှင် ဤသော့နှင့်ပင် ဖွင့်၍ ထမင်းအိုးပြင်ပြီး အမေတို့ ပြန်အလာကို စောင့်ရပေဦးမည်။

နွယ်သည် ကိုယ့်ဘဝကို ပျင်းရိညည်းငွေ့နေ၏။

သို့ပေမယ့် အချိန်အားဟူ၍ မထား။ အိမ်အလုပ်လုပ်ရင်း၊ အမေတို့ဆိုင်၏ စာရင်း ကူတွက်ရင်း၊ ကျောင်းစာကျက်ရင်း ဝါသနာပါရာ စာအုပ်စာတမ်းများ ဖတ်ရင်းဖြင့် စက္ကန့်ပေါင်း များစွာ၊ နာရီပေါင်းများစွာကို ဖြတ်ကျော်ခဲ့ရသည်။

အသို့ဆိုစေ နွယ်ဘဝတွင် တစ်ခုခု လိုအပ်နေသလိုတော့ ခံစားရသည်
။

*